ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံစာရင်းကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ( ၆ / ၂၀၁၈)

၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်
(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

## ဒီပလိုမာစာရင်းကိုင်နှင့်လက်မှတ်ရပြည်သူ့စာရင်းကိုင်လက်မှတ်စိစစ်ရေးကော်မတီဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံစာရင်းကောင်စီသည် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေ ပုဒ်မ ၂၀၊ ပုဒ်မခွဲ (က) နှင့် မြန်မာနိုင်ငံစာရင်းကောင်စီ ၁/၂၀၁၇ အစည်းအဝေးဆုံးဖြတ်ချက်အရ ဒီပလိုမာစာရင်းကိုင်နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်လက်မှတ်စိစစ်ရေးကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန် ပေးလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးဝမ်းတင်၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်ခင်စန်းဦး၊အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးကျော်တင်၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် | အဖွဲ့ဝင် |
| (ဃ) | ဦးဝင်းသင်၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် | အဖွဲ့ဝင် |
| (င) | ဦးတင်ရှိန်၊ အမှုဆောင်အရာရှိ<br>မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း | အဖွဲ့ဝင် |
| (စ) | ဦးစိန်ဝင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် | အဖွဲ့ဝင် |
| (ဆ) | ဦးဝင်းထွဋ်အောင်၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် | အဖွဲ့ဝင် |
| (ဇ) | ဒေါက်တာတင်လတ်၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် | အဖွဲ့ဝင် |
| (ဈ) | ဦးမိုးကျော်၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် | အဖွဲ့ဝင် |
| (ည) | ဦးမောင်မောင်အောင်၊ လက်မှတ်ရပြည်သူ့စာရင်းကိုင် | အဖွဲ့ဝင် |
| (ဋ) | ဒုတိယညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံစာရင်းကောင်စီရုံး | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံစာရင်းကောင်စီရုံး | အတွင်းရေးမှူး |

၂။ ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဒီပလိုမာစာရင်းကိုင် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်) သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) အဖြစ် မှတ်ပုံတင်ရန် လိုအပ်သော သတ်မှတ်ချက်နှင့် နည်းလမ်းများကို ကောင်စီသို့စိစစ်တင်ပြခြင်း၊

ကန့်သတ်

(ခ) မှတ်ပုံတင်သက်တမ်းတိုးရန်အတွက် လိုအပ်သော သတ်မှတ်ချက်နှင့် နည်းလမ်းများကို ကောင်စီသို့စိစစ်တင်ပြခြင်း၊

(ဂ) နိုင်ငံခြားစာရင်းပညာဘွဲ့ သို့မဟုတ် နိုင်ငံခြားစာရင်းပညာလက်မှတ်ရသူ နိုင်ငံသားများမှ လက်မှတ်ရပြည်သူ့စာရင်းကိုင် အရည်အချင်းစစ်စာမေးပွဲ အောင်မြင်သူများကို လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်) နှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင် (ပြည့်မီ) အဖြစ် မှတ်ပုံတင်နိုင်ရန်စိစစ်၍ ကောင်စီသို့ တင်ပြခြင်း၊

(ဃ) ကောင်စီဥပဒေပုဒ်မ ၂၆ ပါပြဋ္ဌာန်းချက်များအား ဆောင်ရွက်နိုင်ရေးသတ်မှတ်ချက်နှင့် နည်းလမ်းများကို ကောင်စီသို့ စိစစ်တင်ပြခြင်း၊

(င) အခါအားလျော်စွာအစည်းအဝေးကျင်းပပြုလုပ်ခြင်း၊ အစည်းအဝေးကျင်းပပြုလုပ်ရာတွင် ကော်မတီဝင် ၇ ဦးထက်မနည်း တက်ရောက်ခြင်း။

၃။ မြန်မာနိုင်ငံစာရင်းကောင်စီ၏ ၃ - ၃ - ၂၀၁၆ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

ခင်စန်းဦး
အတွင်းရေးမှူး

စာအမှတ်၊ မစက / ၇၀၀ / ( ၁၇၀ /၂၀၁၈) ရက်စွဲ၊ ၁၉ - ၂ - ၂၀၁၈

ဖြန့်ဝေခြင်း

မြန်မာနိုင်ငံစာရင်းကောင်စီအဖွဲ့ဝင်များအားလုံး
ဒီပလိုမာစာရင်းကိုင်နှင့်လက်မှတ်ရပြည်သူ့စာရင်းကိုင်လက်မှတ်စိစစ်ရေးကော်မတီဝင်များ
မှတ်ပုံတင်အရာရှိ၊ မြန်မာနိုင်ငံစာရင်းကောင်စီ
အမိန့်ကြော်ငြာစာဖိုင်
ရုံးလက်ခံ
မျှောစာတွဲ

အမိန့်အရ

ခင်ပြုံးရီ
ညွှန်ကြားရေးမှူး